# ၁၉၅၆ ခုနှစ်၊ ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကို တိုးတက်အောင် ဆောင် ရွက် ရေး ကော် ပို ရေး ရှင်း (ပြင်ဆင်ချက်) အက်ဥပဒေ။

[၁၉၅၆ ခုနှစ်၊ အက်ဥပဒေအမှတ် ၂၉။]

အောက်ပါအတိုင်းအက်ဥပဒေအဖြစ်ပြဋ္ဌာန်းလိုက်သည်။

၁။ ။ဤအက်ဥပဒေကို၊ ၁၉၅၆ ခုနှစ်၊ ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကို တိုးတက်အောင်ဆောင်ရွက်ရေးကော်ပိုရေးရှင်း (ပြင်ဆင်ချက်) အက်ဥပဒေဟု ခေါ်ရမည်။

၂။ ။၁၉၅၂ ခုနှစ်၊ ဓါတ်သတ္တုပင်ရင်းအခြေအမြစ်များကို တိုးတက်အောင်ဆောင်ရွက်ရေးကော်ပိုရေးရှင်းအက်ဥပဒေ၏ ပုဒ်မ ၁၉ အစား၊ အောက်ပါကို ပုဒ်မ ၁၉ အဖြစ်ထည့်သွင်းရမည်။

"၁၉။ ။(၁) အဖွဲ့သည်၊ နိုင်ငံတော်သမတ က ဆင့်ဆိုသည့်ကာလအပိုင်းအခြားများအတွက် အဖွဲ့၏ ငွေစာရင်းရှင်းတမ်းအပြင် အခြားရှင်းတမ်းနှင့် အစီရင်ခံစာများကို နိုင်ငံတော်သမတ ထံ ပေးပို့ရမည်။

(၂) အဖွဲ့သည်၊ မိမိ၏ လုပ်ကိုင်ဆောင်ရွက်မှုများနှင့် သက်ဆိုင်သည့် ငွေစာရင်းများကို၊ နိုင်ငံတော်သမတ ၏ သဘောတူညီချက်ဖြင့် နိုင်ငံတော် စာရင်းစစ်ချုပ်က ကုန်သွယ်လုပ်ငန်းစည်းမျဉ်းများအတိုင်းပြဋ္ဌာန်းသည့် ငွေစာရင်းထားရှိပုံနည်းစနစ်နှင့်ပုံစံအတိုင်း ထားရှိရမည်။

(၃) အဖွဲ့၏ ငွေစာရင်းများကို၊ နိုင်ငံတော်စာရင်းစစ်ချုပ်က နှစ်စဉ်စစ်ဆေးပြီးနောက် စာရင်းစစ်ချက်အစီရင်ခံစာကို၊ ပြည်သူ့လွှတ်တော်သို့တင်ပြရမည်။ သို့ရာတွင် အဖွဲ့သည်၊ နိုင်ငံတော်စာရင်းစစ်ချုပ်၏ သဘောတူညီချက်ကို ကြိုတင်ရယူပြီးနောက် ခန့်အပ်သောမှတ်ပုံတင်စာရင်းစစ်များအား၊နိုင်ငံတော်သမတ ၏ သဘောတူညီချက်ဖြင့် အဖွဲ့၏ငွေစာရင်းများကို ကုန်သွယ်လုပ်ငန်းနည်းလမ်းအတိုင်းကြားဖြတ်စစ်ဆေးစေနိုင်သည်။

(၄) အဖွဲ့သည်၊ အဖွဲ့၏ငွေစာရင်းရှင်းတမ်းနှင့် စာရင်းစစ်ချက် အစီရင်ခံစာအသီးသီး၏ မိတ္တူတစောင်စီကို အဖွဲ့၏ဗဟိုရုံးတွင်လူအများကြည့်ရှုစစ်ဆေးနိုင်ရန်အတွက်ထားရှိရမည်။

(၅) အဖွဲ့၏ရှင်းတမ်းနှင့် ငွေစာရင်းများကို စစ်ဆေးပြီးသည်နှင့်တပြိုင်နက်၊အဖွဲ့သည်၊ နိုင်ငံတော်သမတ ထံသို့တိုနှစ်ချုပ်ငွေစာရင်းမိတ္တူတစောင်ကို စာရင်းစစ်ချက် အစီရင်ခံစာမိတ္တူတစောင်နှင့် တကွတင်ပြရမည်။

(၆) ဤအက်ဥပဒေအရ၊ နိုင်ငံတော် စာရင်းစစ်ချုပ်က ဆောင်ရွက်ရမည့် မည်သည့်ကိစ္စကို မဆို၊ နိုင်ငံတော် စာရင်းစစ်ချုပ်က ယေဘုယျအမိန့်ဖြင့်ဖြစ်စေ၊ သီးခြားအမိန့်ဖြင့်ဖြစ်စေ အာဏာလွှဲအပ်ထားသည့် ၎င်းလက်အောက်အရာရှိက ဆောင်ရွက်နိုင်ရမည်။ သို့ရာတွင် နိုင်ငံတော်စာရင်းစစ်ချုပ်သည်ခွင့်ရက်ယူထားခြင်းကြောင့်ဖြစ်စေ၊ အခြားအကြောင်းကြောင့်ဖြစ်စေ မိမိအလုပ်ခွင်တွင် မရှိသည့်အခါမှတပါး၊ ဤအက်ဥပဒေအရ၊ ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်စာရင်းစစ်ချုပ်က တင်ပြရမည့်အစီရင်ခံစာကို ၎င်း၏ကိုယ်စားတင်ပြရန် လက်အောက်အရာရှိအား အာဏာလွှဲအပ်ခြင်းမပြုရ။''

ပ၊မ၊ဗ၊စ၊—အမှတ် ၂၉၊ တရားရေးဝန်ကြီးဌာန၊ ၉-၁၁-၅၆—၁၀၀ + ၂,၂၀၀—၂။